

မင်းသွေးသစ္စာ
ငမဲတူ

တစ်နေ့သ၌ ညောင်တုန်းမြို့နှင့် အလှမ်းမဝေးလှသော ဧရာဝတီမြစ်ကမ်းနံဘေးရှိ ရွာကြီး တစ်ရွာမှ စပါးပွဲစားကြီး ဦးရော၏ အိမ်သို့ ညသန်းခေါင်အချိန်တွင် ဧည့်သည် တစ်ဦးသည်း မဖိတ် ခေါ်ပါဘဲ ရောက်ရှိလာ၍ လာလေ၏။

ထိုသူသည် လွန်စွာ အသားမည်း၏။ မျက်လုံးပြူးကျယ်၍ ခြေဆံလက်ဆံက တုတ်ခိုင်၏။

အသံကလည်း စူးစူးရှရှရှိ၏။ ထိုအသံနှင့်ပင် အိမ်ရှင်တို့ အား သူရောက်ရှိနေကြောင်း အသိ ပေးလေ၏။

သူ့အတွင် အခြားသူများ နှင့် ဆက်သွယ်မှုပြုရန် စူးစူးဝါးဝါးငိုကြွေးခြင်းကိုသာ တတ်နိုင်၏။

ထို့ကြောင့်ပင် သူသည် ကြိမ်ခြင်းကြီးထဲရှိ အဝတ်ပုံကြားထဲမှ နေ၍

“အူဝဲ... အူဝဲ... အူဝဲ”

ဟု အသံပေးကာ ငိုကြွေးလေတော့၏။

ဤသည် မှာ ပွဲစားကြီး ဦးရော၏ အိမ်တံခါးဝရှိ ကြိမ်ခြင်းကြီးထဲမှ ( ၂) လသားအရွယ် ကလေးငယ်၏ အချက်ပေးသံပင် ဖြစ်တော့၏။

အိမ်ကြီးထဲတွင် ပွဲစားကြီးနှင့် တပည့်ကျော်မောင်လုံးတို့ နှစ်ဦးတည်းသာရှိ၏။

ပွဲစားကြီး၏ ကတော် ဒေါ်စိန်မှုန်နှင့် တစ်ဦးတည်းသော သမီးဖြစ်သူ မဟသ်ာတို့ မှာ ညောင် တုန်းမြို့သို့ ဇာတ်ပွဲကြည့်ရန် ညနေစောင်းကတ ည်းက ထွက်ခွာသွားကြ၏။

ဇာတ်မင်းသားကြီး ဦးဖိုးစိန်၏ အဆို၊ အငို၊ အပြောများ နှင့် ကကွက် ဆန်းများကို တဝကြီး ကြည့်ရှုပြီး၊ နံနက်မိုးလင်းမှ ပြန်ရောက်ကြမည် ဖြစ်၏။

ပွဲစားကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည့် ကလေးငိုသံကြောင့် ၊ အိပ်စက်ရာမှ လန့် နိုးပြီး၊ ကြေးခုတင်ကြီးထက်မှ ခုန်၍ ထလိုက်မိ၏။

သူ၏ မျက်နှာတွင် ချွေးသီးကြီးများ ရှိနေ၏။ နှုတ်ဖျားမှ လည်း ထိ တ်လန့်တကြားဖြင့်

"ဘုရား ဘုရား... ဒုက္ခပါပဲ၊ ဟိုငမဲကောင်လေး၊

ငါ့ဆီကို တကယ်ရောက် လာပြီထင်တယ် "

ဟု ရေရွတ်မိလေ၏။

ထိုသို့ ထိန်လန့်တကြား ဖြစ်သွားသည် မှာ ပွဲစားကြီး အိပ်စက်နေစဉ် မက်ခဲ့သောအိပ်မက် ကြောင့် ဖြစ်၏။

ပွဲစားကြီးသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေစဉ် လူတစ်ယောက် က သူ၏ ကြေးခုတင်ကြီး

အနီးသို့ ရောက်ရှိလာသည် ကို အိပ်မက်မြင်မက်လေ၏။

ထိုသူက ပွဲစားကြီးကို အသာအယာပင်လှုပ်နိုးလေ၏။ ပွဲစားကြီးသ ည် မျက်လုံးဖွင့်လိုက်ရာ မြင့်မားလှသောအရပ်နှင့် လိုက်ဖက်စွာ

ထွားကြိုင်းသော လူရွယ်တစ်ယောက်ကို တွေ့ရ၏။

ထိုသူသည် အပေါ်ပိုင်း ဗလာကျင်း၍ ထား၏။ ပုဆိုးကွက်တုံးကြီးကို ခါးတောင်းမြှောင် အောင် ကျိုက်၍ ထား၏။

အသားအရေကမူ နက်မှောင်လှ၏။ ပွဲစားကြီးက ထိုသူကို မြင်တွေ့လျှင် မျက်လုံးပြူးကျယ်

ပြီး

"ဟော့... ဟော့... ဘယ်ကကုလီကုလား

ငါ့အခန်းထဲရောက်နေတာလဲ၊ မင်းဘာလာလုပ်တာလဲ "

ဟု မေးမြန်းလေရာ လူရွယ်က ခြေနှစ်ဘက်ကိုခွဲ၍ လက်ပိုက်ကာ

"ဟောဒီက ကျုပ်ရဲ့ မျက်နှာကိုလည်း သေသေချာချာကြည့်ပါဦးဗျာ၊

ကုလီကုလားမဟုတ်ပါဘူး၊ ဗမာလူမျိုးစစ်စစ်ပါ၊

ဘယ်လောက်တောင်စစ်သလဲဆိုရင် မုဆိုးဘိုရွာကလေးကို

ရွှေဘိုလို့ သမုတ်ပြီး မြို့နန်းတည်ခဲ့တဲ့ ဦးအောင်ဇေယျခေါ်

အလောင်းမင်းတရားကြီးရဲ့ အနွယ်အဆက်ထဲကပဲ၊

ကျုပ်ဟာ ရွှေဘိုမှာ ချက်မြှုပ်ခဲ့တဲ့ ဗမာလူမျိုးစစ်စစ်ဗျ "

ဟု ပြောလေ၏။

ပွဲစားကြီးသည် ထိုအခါမှ ပင် လူရွယ်၏ ပေါင်နှစ်ဘက်မှ ထိုးကွင်းမင်ကြောင်များကို သတိပြု မိ၏။

ထိုအခိုက် လူရွယ်ကဆက်၍

"ကျုပ်တို့ ဗမာလူမျိုးအချင်းချင်း အကူအညီတောင်း

ရအောင် ပွဲစားကြီးဆီကို ရောက်လာတာပါ ”

ဟု ဆိုလေ၏။

လူရွယ်သည် အသားအရေက မည်းနက်သလောက် မျက်လုံးများက စူးရှတောက်ပြောင်နေ ၏။

ပွဲစားကြီးသည် လူရွယ်၏ အကြည့်ကြောင့် အလိုလိုပင် ကျောချမ်းလာသလို ခံစားရကာ ခေါင်းယမ်းပြီး

“မင်းကို ငါ ဘာအကူအညီမှ မပေးနိုင်ဘူး၊

ဒီလောက်အသားမည်းပြီး ဘီဘူးတစ်ကောင်လို

ဖြစ်နေတဲ့ မင်းကို ငါ့အခန်းထဲမှာ ထားရတာတောင်

မင်္ဂလာမရှိတော့ဘူး၊ မင်း အခု ထွက်သွားစမ်း ”

ဟု နှင်ထုတ်လေ၏။

လူရွယ်က တည်ငြိမ်စွာပင်

“Whenever you see darkness, extraordinary

opportunity for the Light to burn brighter

“ ခင်ဗျားဟာ မှောင်မိုက်မှုကို မြင်ရတိုင်း၊

တောက်ပစွာလောင်ကျွမ်းမဲ့ အလင်းရောင်အတွက်

ထူးကဲတဲ့ အခွင့်အလမ်းတွေရှိနေတယ်ဆိုတာ

မသိဘူး ထင်တယ် ”

ဟု အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ပြောလေရာ ပွဲစားကြီးသည် အူကြောင်ကြောင်ဖြစ်ပြီး

“မင်း ဘာတွေလာပြောနေတာလဲ၊ မင်းဟာ

ငါ့အတွက် ဘာမှ ထူးကဲလာစရာအကြောင်းမရှိဘူး၊

မင်းကိုမြင်မြင်ခြင်းပဲ ငါ့ရင်ထဲမှာ မုန်းတီးစက်ဆုပ်မှုတွေ

ဖြစ်လာတာတော့ အမှန်ပဲကွ”

ဟု ဒေါသတကြီးအော်ဟစ် လိုက်လေ၏။

လူရွယ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

“ Other are merely mirrors of you. You

can vol love or hate. Something about

another person unless it reflects to you .

Something you love or hate in yourself ၊

သူတစ်ပါးဟာ သင့်ရဲ့ မှန်တွေပါပဲတဲ့ ၊ ကိုယ့်မှာ ရှိနေတဲ့

အချက်တွေကို ရောင်ပြန်ထင်ဟပ်မှုမပါဘဲနဲ့

သူတစ်ပါးကို ချစ်လို့ မုန်းလို့ မရဘူးဆိုပြီး ပညာရှိ

ဆရာတော်ကြီးတစ်ပါးက ဟောကြားခဲ့ဖူးတယ် ”

ဟု ပြောပြန်၏။

ပွဲစ ၁းကြ ိီးမ၂၁ လွန်စွာစိတ်ရှုပ်ထွေးကာ ခေါင်းအုံးအောက်မှ လိုင်စင်ဖြင့် ကိုင်ဆောင်သော ဆင်စွယ်ရိုးတပ်ခြောက်လုံးပြူးကို ယူ၍ လူရွယ်ထံတည့်မတ်စွာချိန်ရွယ်ပြီး

“မင်းဘာမှ မပြောနဲ့ တော့ အခန်းထဲက ချက်ချင်း

ထွက်မသွားရင် ငါမောင်းဖြုတ်လိုက်မယ် ”

လူရွယ်က တုန်လှုပ်ဟန်မရှိဘဲ ဖြူဖွေးညီညာသော သွားများ ပေါ်အောင်ပြုံးကာ

“ခင်ဗျားရဲ့ သေနတ်က အခုအချိန်မှာ အပ်တို

တစ်ချောင်းလောက်တောင် အသုံးမဝင်ပါဘူးဗျာ ”

ဟု ဆိုလေ၏။

ထိုအခါ ပွဲစားကြီးသည် မျက်လုံးကိုစုံမှိတ်ပြီး လူရွယ်ကို သေနတ်ဖြင့် ပစ်ခတ်လိုက်တော့၏။ သို့သော် ထင်မှတ်ထားသလို မဟုတ်ဘဲ ပွဲစားကြီး၏ သေနတ်မောင်းခလုတ်ပေါ်၌ ထိတွေ့နေသည့် လက်ညှိုးမှ အားစိုက်၍ မရဘဲ၊ ဆံခြည်တစ်မျှင်စာမျှ ရွေ့လျားခြင်းမရှိဘဲ ဖြစ်နေ၏။

ထိုအခါ လူရွယ်က

“ပွဲစားကြီး ဘာမှ လုပ်လို့ မရတဲ့ အတူတူ ကျုပ်စကားကို

ဆုံးအောင်နားထောင်စေချင်တယ် ”

ဟု အမိန့်ပေးဟန်ဖြင့် ပြောလေ၏။

“ကျုပ်နာမည်က မဲတူလို့ ခေါ်ပါတယ်၊ မကြာခင်မှာ ခင်ဗျားအိမ်ကို ကလေးငယ်တစ်ယောက် ရောက်လာလိမ့်မယ်၊ အဲဒီကလေးဟာ ကျုပ်ရဲ့ မျိုးဆက်သွေးဖြစ်တဲ့

ကျုပ်သားပဲ၊ ကလေးကို ခင်ဗျား ကောင်းကောင်း မွန်မွန် စောင့်ရှောက်စေချင်တယ်၊ တကယ်တော့ ဒါတွေ အားလုံးဟာ ကျုပ်စီရင်ဖန်တီးလို့ မရသလို ခင်ဗျားလည်း စီရင်ဖန်တီးလို့ မရဘူး၊ ကံအကြောင်းတရားရဲ့ တိုက်ခိုက်မှုတွေပေါ့ဗျာ ”

ဟု ပြောလေ၏။

ထိုအချိန်၌ ငမဲတူဟူသော လူရွယ်၏ မျက်နှာသည် မိုးသားများကဲ့သို့ မှိုင်းညို့၍ နေ၏။ ပွဲစားကြီးသည် မတုန်မလှုပ်ရှိနေရင် ငမဲတူ၏

"ကလေးကို ခင်ဗျား ကောင်းကောင်း စောင့်ရှောက်စေချင်တယ် "

ဟူသော စကားက နားထဲတွင် ပဲ့ထင်ထပ်၍ ရှိနေ၏။

ထိုအခိုက်တွင် ပင် ပွဲစားကြီးမြင်ကွင်းထဲမှ ငမဲတူသည် ဖျတ်ခနဲ ပျောက်ကွယ်သွား၏။

ထို့နောက်ပွဲစားကြီးသည် နောက်ဖေးချောင်တွင် အိပ်စက်နေသော မောင်လုံးထံသို့ လက်ဆွဲ မီးအိမ်ကြီးကိုကိုင်ကာ ရောက်ရှိလာ၏။

မောင်လုံးသည် ကလေးငိုသံကိုလည်း ကြားဟန်မတူ၊ ဆင်အော်၍ ပင် နိုးမည့်ဟန်မရှိချေ။ ပွဲစားကြီး၏ လှုပ်နိုးမှုကြောင့် အိပ်မှုန်စုံမွှားဖြင့် ထ လာပြီးမှ ကလေးငိုသံကို သတိပြုမိလေ၏။

ထိုအခါ ပွဲစားကြီးက မောင်လုံး၏ လက်တွင်းသို့ မီးအိမ်ကို ထည့်ကာ

"ဟေ့ကောင်... အိမ်ရှေ့ကိုသွားကြည့်စမ်း၊ တံခါးဝမှာ ကလေးတစ်ယောက်ရှိလိမ့်မယ်၊ ငါ့အထင်မှန်ရင်တော့ အဲဒီကလေးဟာ မဲမဲကြုတ်ကြုတ်ကလေးဖြစ်မှာ ပဲ၊ အဲဒီကလေးကို မင်းခေါ်ပြီး တစ်နေရာမှာ စွန့်ပစ်ခဲ့ပေတော့ "

ဟု ပြောလေ၏။

မောင်လုံးက ခေါင်းကုတ်ပြီး

"ဆရာကြီး ကလေးက ဘာကြောင့်ရောက်နေတာလဲ "

ဟု မေးမြန်းလေရာ ပွဲစားကြီးက ခေါင်းယမ်းပြီး

"ငါလည်း မသိဘူး၊ ကလေးကိုတောင် မကြည့်ရသေးဘူး၊ မင်းစကားမရှည်နဲ့ ၊ ငါပြောတဲ့ အတိုင်းလုပ် အကောင်းဆုံးက လှေဆိပ်မှာ ရှိတဲ့ ၊ ငါတို့ ရဲ့ လှေတစ်စင်းထဲမှာ ကလေးကိုထည့်ပြီး ရေစီးနဲ့ မျှောချလိုက်ပေတော့"

ဟု ခိုင်းစေလေ၏။

မောင်လုံးသည် ပွဲစားကြီးကို လွန်စွာကြောက်ရွံ့ရသော ငယ်မွေးခြံပေါက် တပည့် ဖြစ်၏။ ထို့ကြောင့်ပင် ပွဲစားကြီး၏ အမိန့်အတိုင်း အိမ်တံခါးကိုဖွင့်လိုက်ပြီးနောက် အော်ကြီးဟစ်ကျယ်ဖြင့်

"ဟုတ်တယ် ဆရာကြီးရေ ကြိမ်ခြင်းထဲမှာ ကလေးတစ်ယောက်ရှိတယ်၊ မဲမဲတုတ်တုတ်ကြီးဗျ"

ဟု အိမ်တွင်းမှ ပွဲစားကြီးထံသတင်းပို့လေ၏။

ပွဲစားကြီးမှာ မိမိ၏ အထင်မှန်ကန်သွားသောကြောင့် တုန်ရင်ကာ

"ဒါဆိုရင် ငါပြောတဲ့ အတိုင်း မြန်မြန်လုပ်စမ်းပါကွာ"

ဟု ထပ်မံခိုင်းစေလိုက်တော့၏။

ပွဲစားကြီးအိမ်မှာ မြစ်ကမ်းနံဘေးတွင် ပင် ဆောက်လုပ်ထားလေရာ လှေဆိပ်နှင့်မဝေးလှပေ။ မကြာမီမောင်လုံးပြန်ရောက် လာပြီး၊ အမိန့်အတိုင်းဆောင်ရွက်ပြီးကြောင်း သတင်းပို့လေ၏။

ပွဲစားကြီး၏ အတွေးထဲတွင် မူ ငမဲတူ၏ မထီလေးစားဟန်ကိုသာ မြင်ယောင်နေ၏။

ထို့နောက်ပွဲစားကြီးသည် ဟက်ဟက်ပက်ပက်ရယ်မောပြီး

"ဟား ဟား… ငမဲတူ မင်းဘာတတ်နိုင်သေးလဲ၊ ငါ့ရင်ထဲမှာ မင်းကိုမြင်မြင်ချင်း ဘာကြောင့်မုန်းတီးမိသလဲဆိုတာ တွေးလို့ မရဘူး၊ အခု မင်းရဲ့ သားဆိုတာကို ငါစွန့်ပစ်လိုက်ပြီ၊ မင်းဘာတတ်နိုင်သေးလဲ၊ ဒါဟာအရင်ဘဝက အတုံ့အလှည့်အာဃာတတွေပဲ ဖြစ်လိမ့်မယ် "

ဟု ကြိမ်းဝါးလေ၏။

တပည့်ကျော်မောင်လုံးမှာ မူ ပွဲစားကြီးအား ရုတ်တရက် ရူးသွပ်သွားပြီးဟု ထင်မှတ်ကာ ကြောင်ငေးငေးဖြင့်ကြည့်ရှုနေလေတော့၏။

ပွဲစားကြီးဦးဧရာသည် ငမဲတူကလေး၏ ကိစ္စ ရှင်းလင်းသွားပြီဖြစ်သောကြောင့် စိတ်လက် ပေါ့ပါးစွာဖြင့် ပြန်လည် အိပ်စက်လေ၏။ မကြာမီငင်းသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်၍ သွားလေ ၏။

အရုဏ်တက်ချိန်တွင် အိပ်မက်မြင်မက်ပြန်၏။ ငမဲတူသည် လည်း ရောက်ရှိလာပြန်၏။ ထို အချိန်၌ ငမဲတူ၏ မျက်နှာမှာ ရွှင်ပြနေ၏။

ပွဲစားကြီးကလည်း မဲ့ပြုံးပြုံးပြီး

"ဘာတတ်နိုင်သေးလဲ၊ ကိုယ့်လူ မင်းသားကိုကျုပ်လက်မခံဘဲ စွန့်ပစ်လိုက်ပြီ"

ဟု ဆီး၍ ပြောလိုက်၏။

ငမဲတူက ခေါင်းယမ်းကာ သက်ပြင်းချပြီး

"ကံအကြောင်းတရားရဲ့ တိုက်ဆိုင်မှုတွေကို ကျုပ်တို့ စီရင်ဖန်တီးလို့ မရဘူးဆိုတာ ကျုပ်ပြောခဲ့ဖူးတယ်၊ ဒါကိုခင်ဗျားက သဘောမပေါက်ဘဲ ကိုး"

ဟု ဆိုလေ၏။

ပွဲစားကြီးက ဟက်ခနဲရယ်ကာ

"အဲဒီမင်းသား ငမဲတူကလေးကို လှေထဲမှာ ထည့်ပြီး ဧရာဝတီမြစ်ထဲမှာ မျှောလိုက်ပြီကွ၊ ဟား ဟား ကံကြောင်းတရားက စီရင်လို့ မရတော့ဘူး"

ဟု ပြောလိုက်ရာ ငမဲတူက

"ဒါဟာ ခင်ဗျားရဲ့ အထင်သာဖြစ်တယ်၊ အမှန်တရား မဟုတ်ဘူး ဗျ၊ အဲဒီအမှန်တရားဟာလည်း အချိန်တန်ရင် ပေါ်ပေါက်လာမှာ ပါ၊ ကျုပ်ထပ်ပြီးမှာ ပါရစေဗျာ၊ ကျုပ်သား ငမဲတူကလေးကို ခင်ဗျား သေသေချာချာ စောင့်ရှောက်စေချင်တယ် "

ဟု ပြောလေ၏။

ပွဲစားကြီးက ငမဲတူကို စူးစိုက်ကြည့်ပြီး တစ်စုံတစ်ရာကိုတွေးမိကာ

"ဘာကြောင့် အဲဒီကလေးကို ငါ့လက်ထဲ အတင်းထိုးထည့်နေရတာလဲကွ၊ မင်းသားကို မင်းဘာသာ စောင့်ရှောက်ပါလား "

ဟု မေးမြန်းလေရာ ငမဲတူ၏ မျက်လုံးအစုံက ရီဝေကာ

"ခင်ဗျားတို့ လူပိန်းတွေ နားလည်အောင်ပြောရရင် အဲဒီကလေးဟာ ကျုပ်သားဆိုပေမဲ့၊ အခုအချိန်မှာ သူနဲ့ ကျုပ်ဟာ ဘယ်လိုမှ ထိတွေ့လို့ မရတော့ဘူး၊ ကျုပ်နဲ့ သားဟာ ဘဝခြားသွားပြီဗျ "

ဟု အဖြေပေးလေ၏။

ထိုအခါ ပွဲစားကြီးကမျက်မှောင်ကျုတ်ပြီး

"ဒါဆိုရင် မင်းက သေသွားလို့ ၊ သရဲတစ္ဆေ ဖြစ်နေသလား၊ ဝိညာဉ်ဘဝကို ရောက်နေပြီလား"

ဟု ဆိုလိုက်ရာ ငမဲတူက တည်ငြိမ်စွာဖြင့်

“ကျုပ်သေသွားတာတော့ ဟုတ်ပါတယ်၊ ခင်ဗျားပြောတဲ့ သရဲ၊ တစ္ဆေ ၊ ဝိညာဉ်တွေဆိုတာ ခင်ဗျားတို့ မျက်စိတွေနဲ့ မမြင်ရတဲ့ အလွှာတစ်ခုထဲမှ ပုံသဏ္ဍာန်တစ်မျိုးနဲ့ ရှိနေတယ်၊ ဒီအလွှာမှာ ရှိနေတာတောင်မှ ခင်ဗျားတစ်ယောက်တည်းနဲ့ သာ အိပ်မက်အဖြစ်နဲ့ ပဲ ဆက်သွယ်နိုင်ခဲ့တယ်၊ ကျုပ်အတွက် အချိန်မရှိတော့ဘူး၊ မကြာခင်နောက်တစ်လွှာကို ကူးပြောင်းရတော့မယ်၊ ဒါဆိုရင် ခင်ဗျားကို အိပ်မက်နဲ့ တောင် ဆက်သွယ်မရတော့ဘူး၊ ပြီးတော့ ကျုပ်သားဆိုတဲ့ ငမဲတူကလေးနဲ့ သွေးသား သံယောဇဉ်အဖြစ်နောက်ဆုံး မျှင်မျှင်လေးကျန်ရှိနေသေးတဲ့ ကြိုးတစ်ချောင်းဟာလည်း ပြတ်တောက်သွားတော့မယ် ”

ဟု ပြောလေ၏။

ပွဲစားကြီးက မျက်နှာကိုရှုံ့မဲ့၍

“အခု မင်းက ငါ့ကို အိပ်မက်နဲ့ ဆက်သွယ်နေတာပေါ့၊ လုံးဝမဖြစ်နိုင်ဘူး၊ ဒါတွေကိုလည်း ငါကအယုံအကြည်မရှိဘူးကွ”

ဟု ဆိုလေရာ ငမဲတူကပွဲစားကြီးကို ဘာမျှမသိနားလည်သည့် ကျောင်းသားငယ်တစ်ယောက် ကို ဆရာကကြည့်ရှုပုံမျိုးဖြင့် ကြည့်ကာ

“လူ့လောကကြီးမှာ မတွေ့ကြုံဘူးတိုင်း မျက်လုံးစုံမှိတ်ပြီး မငြင်းဆန်သင့်ဘူးဗျ၊ အိပ်မက်နဲ့ ဆက်စပ်ပြီး ကဗျာတွေရေးဖွဲ့ဖြစ်တဲ့ စာဆိုတွေ၊ သံစဉ်တွေနဲ့ ထိတွေ့သွားတဲ့ ဂီတပညာရှင်တွေ၊ အမှန်တရားကို တွေ့သွားတဲ့ သိပ္ပံပညာရှင်ကြီးတွေစသည် ဖြင့် ရှိခဲ့ဖူးတဲ့ သက်သေသာဓကတွေ အများကြီး”

ဟု ပြောလေ၏။

ထိုအခါ ပွဲစားကြီးက

"ရှိရင်လည်း တိုက်ဆိုင်မှုပဲဖြစ်လိမ့်မယ်ကိုယ့်လူ"

ဟု ဆိုလေရာ ငမဲတူက လေသံအေးအေးဖြင့်

" ၁၈ ရာစုလောက်က၊ အလွန်ထင်ရှားတဲ့ ၊ အီတလီလူမျိုး သီချင်းရေးဆရာ 'ဂျူးဆက်တာတီနီ'ဆိုတာရှိတယ်ဗျ၊ သူဟာအိပ်မက်ထဲမှာ သူ့ရဲ့ တယောကိုစာတန်လို့ ခေါ်တဲ့ နတ်ဆိုးတစ်ပါးကိုလှမ်းပေးလိုက်တယ်တဲ့ ၊ စာတန်က စိတ်ကူးကိုပါလွန်မြောက်ပြီး လှပမှုအပြည့်ရှိတဲ့ တီးလုံးတီးကွက်တွေကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ အိပ်မက်ထဲမှာ တီးခတ်ပြခဲ့တယ်၊ အဲဒီနောက်သူဟာ 'နတ်ဆိုးတီးလုံး'ကို သီကုံး ရေးစပ်တဲ့ အခါသူသီကုံးသမျှ တေးတွေထဲမှာ အကောင်းဆုံးဖြစ်ခဲ့တယ်၊ ဒါပေမဲ့ အိပ်မက်ထဲမှာ သူကြားခဲ့ရတဲ့ တီးလုံးရဲ့ ခြေဖျားကိုတောင်မမီဘူးလို့ လည်း ဝန်ခံခဲ့တယ်ဗျ၊ ကမ္ဘာကျော်စာရေးဆရာကြီး 'ရောဘတ်လွီစတီဗင်ဆင်'ကလည်း သူ့ရဲ့ များ ပြားလှတဲ့ စာပေအောင်မြင်မှုတွေရရှိခဲ့တာဟာ၊နိုးကြားနေတဲ့ စိတ်နဲ့ အိပ်မက်တွေကြားက တက်ကြွတဲ့ ပူးပေါင်းလုပ်ဆောင်ချက်ကြောင့်ဖြစ်တယ်လို့ ပြောခဲ့တယ်၊ ဒ့ါအပြင် သူဟာစီးပွားရေးအတွက် စာရေးစရာအကြောင်းပေါ် လာပြီဆိုရင် လူတွေကြိုက်တဲ့ 'ဒေါက်တာဂျက်ကီးလ်'နှင့် မစ္စတာဟိုက်တို့ ၏ ထူးဆန်းသောမှုခင်းဖြစ်ရပ်ဆိုတဲ့ ဝတ္ထုဟာ အိပ်မက်ကရလာတဲ့ ရလဒ်ဖြစ်တယ်တဲ့ သူ့မိခင်က အိပ်မက်ထဲမှာ သူ့ကိုခေါင်းညိတ်ခေါ်တယ်လို့ မြင်မက်ခဲ့တယ် အဲဒီအိပ်မက်ဟာ သူသေဆုံးတော့မဲ့နိမိတ်ကို သတ်မှတ်ပြီး မိတ်ဆွေတွေကို အကူအညီတောင်းပြီး သူ့အသုဘအတွက် ရန်ပုံငွေတွေ ကောက်ခံထူထောင်ခဲ့တယ်၊ အဲဒီနောက် ဆုတောင်းပွဲပြုလုပ်ပြီးဘုရားကျောင်းကအထွက်မှာ ပဲ လဲကျသေဆုံးသွားခဲ့တယ်၊ဒါတွေအပြင် အိပ်မက်နဲ့ လက်တွေ့ဘဝဆက်စပ်ပုံ

တွေကို ကျူပ်ပြောပြရင် ကုန်နိုင်တော့မှာ မဟုတ်ဘူး ၊ ဒါကို လူတွေက လက်ခံပြီး အဖြေထုတ်တဲ့ အပေါ်မှာ သာ သတင်းပို့ချက်တွေဖြစ်တယ် လို့ ဆိုတယ်ဗျ၊ ဒါကို လူတွေကလက်ခံပြီး အဖြေထုတ်တဲ့ အပေါ်မှာ သာ ကွဲပြားခြားနားသွားတတ်တာမျိုးဗျ"

ဟု ရှည်လျားစွာပြောဆိုလေ၏။

ပွဲစားကြီးသည် မဲတူ၏ စကားကို စူးစိုက်၍ နားထောင်နေလေ၏။ င မဲတူ၏ စကားဆုံးလျှင် ပွဲစားကြီးကခေါင်းယမ်းပြီး

"မင်းပြောတာတွေက နားထောင်လို့ ကောင်းသလိုပဲ၊ ဒါပေမဲ့ ငါမယုံ ဘူး၊ အဲဒီလိုပဲ မင်းရဲ့ သား ငမဲတူကလေးကိုလည်း လက်မခံနိုင်ဘူး"

ဟု ပြောလိုက်၏။

ငမဲတူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး

"ခင်ဗျား ဒီကလေးကို လက်မခံလို့ မရဘူးဗျ ကျူပ်အပေါ်တင်ရှိနေ တဲ့ အကြွေးတွေကို ခင်ဗျားဘက်က အဲဒီကလေးကို လက်ခံစောင့်ရှော က်ပြီး ကျေအောင်ဆပ်ရမယ်"

ဟု ဆိုလေရာ ပွဲစားကြီးက မျက်မှောင်ကြုတ်ပြီး

"မင်းကိုတောင် ငါမသိတာ၊ မင်းအပေါ်မှာ ဘယ်လိုအကြွေးမျိုးမှ ပေးဆပ်စရာမရှိဘူး"

ဟု ပြောလေ၏။

ငမဲတူက ဟက်ခနဲရယ်ကာ

"ခင်ဗျား လွန်ခဲ့တဲ့ နှစ် (၂၀)ကျော်က မြန်မာပြည်မြောက်ဖျားကို ကု န်ရောင်းကုန်ဝယ် ခရီးလှည့်လည်သွားလာရင်း မိတ်ဆွေရင်းတစ်ယော

က်အပေါ် သစ္စာဖောက်လုပ်ကြခဲ့တဲ့ ကိစ္စကို မှတ်မိဦးမယ်လို့ ထင်တယ်၊ အဲဒီသူမှာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဇနီးတစ်ယောက်ကျန်ခဲ့မှန်းလည်း ခင်ဗျားသိမှာ ပါ၊ အဲဒီအမျိုးသမီးဟာ ကျုပ်ရဲ့ မိခင်ပါပဲ”

ဟု ဆိုလေ၏။

ပွဲစားကြီးသည် ငမဲတူ၏ စကားကြောင့် မျက်နှာမှာ သွေးဆုတ်သလို ဖြူရော်သွား၏။ ငမဲတူ ကဆက်၍

“အဲဒီအကြွေးကို ကျုပ်သား ငမဲတူကလေးကို စောင့်ရှောက်ပြီး ဆပ်လိုက်ပါဗျာ၊ ဒါဟာ ခင်ဗျားကို ကျုပ်ခြောက်လှန့်နေတာမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ အတိတ်က လုပ်ရပ်တွေက တစ်သက်လုံး အရိပ်လိုလိုက်ပြီး ခြောက်လှန့်နေတာဗျ၊ အတိတ်တစ္ဆေ ပေါ့ဗျာ၊ ဟား ဟား ဟား”

ဟု ရယ်မောကာ ဖျတ်ခနဲပျောက်ကွယ်သွားလေ၏။

ငမဲတူ၏ ရယ်သံကလည်း တဖြည်းဖြည်းဝေး၍ တိတ်သွား၏။ ထိုအချိန်၌ပင် စူးစူးဝါးဝါး အော်ဟစ်ငိုလိုက်သော ကလေးငိုသံက ပွဲစားကြီး၏ နားထဲသို့ ဝင်ရောက်လာ၏။ ကလေးငိုသံကြောင့် ပွဲစားကြီးသည် အိပ်စက်ရာမှ နိုးလာပြန်၏။ သူ၏ တစ်ကိုယ်လုံးချွေးတို့ ဖြင့်ရွဲနစ်လျက်ရှိ၏။ ကလေး ငိုသံက အိမ်ပေါက်ဝမှ ထွက်ပေါ်နေ ဆဲ ဖြစ်၏။

ထိုအခါ ပွဲစားကြီးသည် လေသံတုန်ရင်စွာဖြင့်

“ငမဲကောင်ကလေး၊ ငမဲတူလေး၊ ရောက်နေပြန်ပြီ”

ဟု တစ်ကိုယ်တည်းရေရွတ်မိတော့၏။

ပွဲစားကြီးသည် ကလေးငိုသံကြောင့် စိတ်ရှုပ်ထွေးစွာဖြင့် အိပ်ရာမှ နိုးထလာ၏။ ထို့နောက် တပည့်ကျော် မောင်လုံးကိုပင်မနိုးတော့ဘဲ၊ လက်ဆွဲမီးအိမ်ကိုဆွဲကာ အိမ်တံခါးကိုဖွင့်လိုက် တော့၏။

ထိုအခါပွဲစားကြီးကတော် ဒေါ်စိန်မှုန်၏ မျက်နှာဝိုင်းဝိုင်းကြီးကို ဦးစွာ တွေ့လိုက်ရ၏။

ဒေါ်စိန်မှုန်သည် ကလေးတစ်ယောက်ကို ထွေးပွေ့ထား၏။ သူမ၏ နောက်တွင် မကြာခင်ကမှ အသက်(၁၃)နှစ်ပြည့်ပြီးသွားပြီဖြစ်သော မ ဟသ်ာရှိ၏။

သူတို့ ၏ နောက်ပါးတွင် လှေသမား မြကြိုင်က လှော်တက်ကို ထမ်း ကာ ရပ်တန့်နေ၏။

ဒေါ်စိန်မှုန်၏ မျက်နှာမှာ ကလေးကို ထွေးပွေ့၊ ချော့မြူနေရင်း အိုင် ယာလန်ထီသုံးကြိမ်မျှ ဆက်၍ ပေါက်သလို ရွှင်မြူးနေ၏။

မဟသ်ာမှာ မူလုပသော မျက်နှာနှင့် မလိုက်ဖက်စွာ နှုတ်ခမ်းကို တ စ်တောင်လောက် စူ၍ ထား ၏။

ပွဲစားကြီးသည် ကလေးငယ်ကို စူးစိုက်ကြည့်မိပြီး

"မစိန်မှုန် ဒီကလေးကို ဘာလုပ်လာတာလဲ"

ဟု မေးမြန်း လိုက်လေ၏။

ထိုအခါ မဟသ်ာကမျက်နှာရှုံ့မဲ့ပြီး

"အဖေကြည့်လုပ်ပါဦး၊ ဟောဒီက မည်းမည်းတူတူကလေးကို အမေ က မွေးစားမလို့ ဆိုပြီး ခေါ်လာတယ် "

ဟု တိုင်တန်းဟန်ဖြင့် ပြောလေ၏။

လှေသမားမြကြိုင်ကခေါင်းညိတ်ပြီး

"ဟုတ်တယ် ဆရာကြီး၊ ကျုပ်တို့ ဇာတ်ပွဲကအပြန်မှာ မျောလာတဲ့ လှေတစ်စင်းကိုတွေ့တယ်၊ လှေပေါ်မှာ ဟောဒီကလေးလည်း ပါလာတ

ယ်၊ ထူးဆန်းတာက အဲဒီလှေဟာ ကျုပ်တို့ အိမ်က လှေဖြစ်နေတယ်ဗျာ၊ ကျုပ်လှေကိုပါ ကြိုးနဲ့ တွဲပြီး ပြန်ဆွဲလာခဲ့တယ် ”

ဟု ရှင်းပြလေ၏။

ပွဲစားကြီးသည် ငမဲတူကလေးမှာ အိမ်သို့ဆိုက်ဆိုက်မြိုက်မြိုက်ပြန်လည်ရောက်ရှိလာသော ကြောင့် မည်သို့ပြုလုပ်ရမည်မသိဖြစ်နေ၏။

သူ၏ ဝဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးသည် တံခါးဝတွင် ကွယ်၍ ရပ်တန့်နေသလိုရှိ၏။ ထိုအခိုက် ဒေါ်စိန်မှုန်က ပွဲစားကြီးကို တွန်းဖယ်၍ အိမ်တွင်းသို့ဝင်ရောက်ကာ

“ဟဲ့...မြကြိုင်လာစမ်း၊ ကလေးကိုနို့တိုက်ရအောင်၊ ရွာစွန်မှာ ရှိတဲ့ ဆိတ်ကုလား မူတူးဆီက နို့အောင်တဲ့ ဆိတ်မတစ်ကောင် သွားဆွဲလာခဲ့စမ်း၊ ဆိတ်မရဲ့ တန်ဖိုးကျသလောက်ပေးမယ်ဆိုတာလည်း ပြောလိုက် ”

ဟု ခိုင်းစေလေ၏။ ပွဲစားကြီးက ဒေါ်စိန်မှုန်၏ အနီးသို့ ရောက်လာပြီး

“မစိန်မှုန်၊ ကျုပ်မေးနေတယ်လေ၊ ဒီကလေးကိုဘာလုပ်မလို့ တုံး ”

ဟု ထပ်မံမေးမြန်းလေရာ ဒေါ်စိန်မှုန်က

“ကိုရော၊ ရှင့်အသံကြောင့် ကလေးလန့်သွားပါဦးမယ်၊ အခုမှ အငိုတိတ်ကာစရှိသေးတယ်၊ တော်ကလည်း ဒီလောက်မြင်တွေ့နေတာတောင် ဒုံးဝေးလိုက်တာ၊ ဒီကလေးကို ကျုပ်သားအမှတ်နဲ့ မွေးစားမလို့ တော်ရေ ”

ဟု အဖြေပေးလေ၏။ ထိုအခါ မဟာသ်ာက နှုတ်ခမ်းစူထားခြင်းလျော့ပါးမသွားဘဲ

“အမေတို့ ကတော့ ဒီကျက်သရေမရှိတဲ့ မည်းမည်းတူတူကလေးကို မွေးစားဦးမယ်တဲ့ ၊ ငါက ဒီကလေးကို မောင်တော်ရတော့မှာ ပေ့ါ၊ ဟွန်း ....ဝေးပါသေးတယ် ”

ဟု နှုတ်ဖျားမှ ဆီမန်းမန်းသလို ပွစိပွစိဖြင့် ရေရွတ်ပြောဆိုကာ ခြေဆောင့်၍ အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။ ပွဲစားကြီးက မေးစေ့ကို လက်ဖြင့်ပွတ်ကာ

“ဘယ်နှယ့်လဲ မစိန်မှုန်၊ သမီးက ဒီကလေးကို မောင်မတော်ချင်ဘူးလို့ ဆန္ဒပြနေပြီ”

ဟု စကားစလေရာ ဒေါ်စိန်မှုန်က ခေါင်းယမ်းပြီး

“တော်တို့ သားအဖ အတ္တကြီးတာ ကျုပ်သိတယ်၊ ဒီကလေးကို တွေ့စကတည်းက တော့်သမီးက တစ်လမ်းလုံး ကျုပ်ကို ရန်ရှာလာတယ်၊ အိမ်ရောက်တော့လည်း တော်က မျက်နှာရှစ်ခေါက်ချိုးကြီးလုပ်ထားပြီးကလေးကို လက်မခံချင်ဘူးဆိုတာ ရိပ်မိတယ်၊ ဒီမှာ တော်တို့ သားအဖကို ကျုပ် အပြတ်ပြောလိုက်မယ်၊ ကလေးကို ကျုပ် စောင့်ရှောက်မယ်လို့ ဆုံးဖြတ်ပြီးပြီ၊ ဒါပဲ”

ဟု ပြောဆိုလေ၏။

ထိုအချိန်၌ ကလေးငယ်သည် ပွဲစားကြီးကတော်၏ လက်တွင်း၌ မောမောပန်းပန်းနှင့် အိပ် ပျော်နေပြီ ဖြစ်၏။ ပွဲစားကြီးက ဇနီး၏ ဆန္ဒကို မလွန်ဆန်တော့ဘဲ

“ကောင်းပြီလေ၊ ဒီကလေးကို မြကြိုင်တို့ လင်မယားလက်ထဲကို ထည့်လိုက်ပါ၊ မစိန်မှုန် ကလေးကို အနီးကပ်စောင့်ရှောက်နိုင်တာပဲ၊ ကျုပ်ကတော့ သားအဖြစ်ဘယ်တော့မှ သတ်မှတ်မှာ မဟုတ်ဘူး ”

ဟု ပြောလိုက်တော့၏။

လှေသမားမြကြိုင်အား ပွဲစားကြီးကပင် ခြံဝင်းထဲ၌ အိမ်တစ်လုံး ဆောက်ကာ မယားနှင့်အတူ နေထိုင်စေခြင်း ဖြစ်၏။

ဒေါ်စိန်မှုန်သည် လည်း ကလေးကို အနီးကပ် စောင့်ရှောက်နိုင်မည်ဖြစ်သောကြောင့် ထို အစီအစဉ်ကို လက်ခံ လိုက်လေ၏။

ဤအချိန်မှ အစပြု၍ ကလေးငယ်သည် ပွဲစားကြီး၏ အရိပ်အောက်သို့ ရောက်ရှိခဲ့၏။ ပွဲစားကြီးသည် ကလေးငယ်ကို လက်ခံချင်သည် ဖြစ်စေ၊ လက်မခံချင်သည် ဖြစ်စေ လက်ခံလိုက်ရပြီ ဖြစ်၏။

ကလေးငယ်သည် ရုပ်ဆင်းအင်္ဂါနှင့်လိုက်ဖက်စွာပင် ငမဲတူကလေး ဟု သာ အမည်တွင် ၏။ ကိုယ်ခန္ဓာ အဆက်အပေါက်ကလည်း အရွယ်နှင့်မမျှအောင် ဖွံ့ဖြိုးကြီးမား၏။ မျက်နှာကမူ အစဉ်ပြုံး ချိုနေ၏။ ရောဂါဘယလည်း ကင်းရှင်း၏။ ဒေါ်စိန်မှုန်ကမူ ကလေးငယ်အပေါ် ပွဲစားကြီးနှင့် သမီး ဖြစ်သူတို့ က မေတ္တာမဲ့သလောက် ပိုတိုး၍ စေတနာထားလေ၏။

ထို့ကြောင့်ပင် ငမဲတူကလေး၏ ဝေယျာဝစ္စများကို လှေသမားမြကြိုင်၏ မိန်းမနှင့် လွှဲမထား ဘဲ ကိုယ်တိုင်လုပ်ကိုင်ကာ သားသည် အမေတစ်ယောက်ပမာ ရှိနေလေ၏။

မကြာခဏလည်း ၎င်းက

“ငမဲတူကလေးက ဘယ်လောက်တောင် သန္ဓေကောင်းသလဲရှင်၊ တခြားကလေးတွေလိုလည်း ကရိကထမများ ဘူး၊ လူကြီးကိုလည်း ဒုက္ခမပေးဘူး”

ဟု ချီးမွမ်းနေတတ်၏။

အပျိုဖော်ဝင်စ မဟာသ်ာက ငမဲတူကြောင့် များ စွာအရှက်ရသည် ဟု မကြာခဏ ငြီးတွားတတ် သလို ပွဲစားကြီးကလည်း ငမဲတူကို မျက်စောင်းတခဲခဲနှင့် ရှိနေတတ်၏။

တစ်နေ့တွင် မဟာသ်ာသည် ငမဲတူ၏ ခြေထောက်၌ တစ်စုံတစ်ရာ မြင်တွေ့ပြီး မျက်လုံးမှ မီးဝင်းဝင်းတောက်မတတ် ဒေါသတကြီးဖြစ်ကာ

"အမေ...ငမဲတူရဲ့ ခြေထောက်မှာ ဆင်ထားတာ သမီးငယ်ငယ်လေးက ဝတ်ခဲ့တဲ့ ရွှေခြေကျင်းကလေး မဟုတ်လား"

ဟု မေးမြန်းလေ၏။ ဒေါ်စိန်မှုန်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်လေ၊ အမေဆင်ပေးထားတာ"

ဟု အဖြေပေးလိုက်၏။

ဒေါ်စိန်မှုန်၏ စကားမဆုံးမီပင် မဟာသ်ာ၏ လက်က ငမဲတူ၏ ခြေထောက်သို့ရောက်ရှိသွား၏။ သူမသည် ရွှေခြေကျင်းကို အားကုန်ပင် ဆွဲ၍ ချွတ်လေ၏။

ငမဲတူသည် နာကျင်မှုကြောင့် စူးစူးဝါးဝါး ငိုကြွေးလေ၏။ ဒေါ်စိန်မှုန်သည် ရုတ်တရက်ပြု လုပ်လိုက်သော မဟာသ်ာ၏ အပြုအမူကို မဟန့်တားလိုက်နိုင်ဘဲရှိ၏။

ထို့ကြောင့်ပင် မဟာသ်ာ၏ လက်တွင်းသို့ ရွှေခြေကျင်းတစ်ဖက် ရောက်ရှိသွားသည့်နည်းတူ ငမဲတူ၏ ခြေထောက်တွင် လည်း သွေးများ ပင် စို့ကာ သေရာပါအမှတ်အသားတစ်ခု ဖြစ်ပေါ်ခဲ့၏။

ဤသည် မှာ နောင်တွင် ရရှိလာမည့် ငမဲတူ၏ ရင်တွင်းမှ

ဒဏ်ရာများ အတွက် ရှေ့ပြေးအဖြစ် မပြောပလောက်သည့် ကိုယ်ခန္ဓာပေါ်မှ ဒဏ်ရာဒဏ်ချက်တစ်ခု စတင်ခြင်းသာဖြစ်တော့၏။

*